မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၂၈ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre - NRPC) အဖြစ် ပြန်လည်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်<br>အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း) | အဖွဲ့ဝင် |
| (င) | ဦးဝင်းမြင့်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(စ) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဆ) ဒေါက်တာတင်မျိုးဝင်း — အဖွဲ့ဝင်
စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ

(ဇ) ဒေါက်တာမင်းဇော်ဦး — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ

(ဈ) ဦးမိုးဇော်ဦး — အဖွဲ့ဝင်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး

(ည) ဦးမောင်မောင်တင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ NRPC ကို ပြင်ဆင်ဖွဲ့စည်းမှု ပြုလုပ်ရန်။

(ခ) နေပြည်တော်တွင် ဗဟိုဌာနရုံးချုပ်ထားရှိပြီး ရန်ကုန်ရှိ ယခင် MPC ကို NRPC ၏ ရန်ကုန်ရုံးခွဲ အဖြစ် ဖွဲ့စည်းရန်။

(ဂ) NRPC ဖွဲ့စည်းပုံရေးဆွဲရာတွင် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း များနှင့်အညီ ရေးဆွဲဆောင်ရွက်ရန်။

(ဃ) မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်း ပြည်ပ ထောက်ပံ့ကူညီမှုများ၊ နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေကျခံသုံးစွဲမှုများ စနစ်တကျရှိစေရေးအတွက် အလှူရှင်များနှင့် ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို NRPC က တာဝန်ယူဆောင်ရွက်နိုင်သည်အထိ ဖွဲ့စည်းပေးရန်။

(င) အပိုဒ် (ဃ) ပါ ညှိနှိုင်းရေးလုပ်ငန်းစဉ်များအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန်။

(စ) NRPC တွင် ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ရုံးအဖွဲ့တွင် ခန့်အပ်သင့်သူများနှင့်အခြားလိုအပ်သည်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ အဆိုပြုတင်ပြရန်။

(ဆ) NRPC ကို အင်စတီကျူးရှင်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ဖွဲ့စည်းလည်ပတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများ ပုံမှန်ကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက်များ၊ ကော်မတီ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပုံမှန်တင်ပြရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးကို မျှော်မှန်း၍ ပြည်ထောင်စုတိုင်းရင်းသားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံသူနိုင်ငံသားများအတွက် အရေးတကြီးလိုအပ်ချက်ဖြစ်သည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်နေပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးမှာ အထူးပင် အရေးကြီးလှပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်လာရေး၊ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် **"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာတင်မျိုးဝင်း<br>စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်<br>အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး | အဖွဲ့ဝင် |
| (င) | ဦးနိုင်ငံလင်း<br>လူမှုရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဌေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) အဖွဲ့ဝင်

(ဈ) ဦးသိန်းဇော် အဖွဲ့ဝင်

(ည) ဒေါ်ဒွဲဘူ အဖွဲ့ဝင်

(ဋ) ဦးခက်ထိန်နန် အဖွဲ့ဝင်

(ဌ) ဒေါက်တာမင်းဇော်ဦး အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ

(ဍ) ဦးခွန်မောင်သောင်း အဖွဲ့ဝင်
(ပင်လောင်းမဲဆန္ဒနယ်)
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(ဎ) ဒေါ်ရှီလာနန်တောင် (ခေါ်) ဒေါ်အမ်နန်တောင် အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ် (၂) ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(ဏ) ဦးမိုးဇော်ဦး အဖွဲ့ဝင်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး

(တ) ဦးလှမောင်ရွှေ အတွင်းရေးမှူး
အထူးအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး
ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပေးအပ်ထားသော မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ကော်မတီဝင်များ၏ စုံညီအစည်းအဝေးများကို ပုံမှန်ကျင်းပ၍ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(ဂ) ဆပ်ကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် လိုအပ်သလိုညှိနှိုင်း၍ ဆက်လက်တင်ပြအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) မူဝါဒဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြ၍ လမ်းညွှန်မှုခံယူရန်။

(င) NCA စာချုပ်လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း ဆွေးနွေးညှိနှိုင်းရန်။

(စ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးအတွက် တာဝန်ယူဆောင်ရွက်ရန်နှင့် လိုအပ်သည့်အကြိုပြင်ဆင်ညှိနှိုင်းမှုများ ဆောင်ရွက်ရန်။

(ဆ) ညီလာခံကျင်းပရေးပူးတွဲကော်မတီအတွက် ပြင်ဆင်ရန်။

(ဇ) ညီလာခံတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့် အစည်းအဝေးပုံစံကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဈ) ကော်မတီ၏ အသုံးစရိတ်များကို နိုင်ငံတော်သို့တင်ပြ၍ဖြစ်စေ၊ အလှူရှင်အဖွဲ့အစည်းများသို့တောင်းခံ၍ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ သုံးစွဲရန်။

(ည) ကော်မတီ၏ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်။

(ဋ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဌ) လိုအပ်ပါက CSO, Local NGO အပါအဝင် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်။

(ဍ) ကော်မတီအစည်းအဝေးများ၊ ကော်မတီ၏ ဆောင်ရွက်ချက်များကို အစီရင်ခံစာထုတ်ပြန်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံတင်ပြရန်။

(ဎ) ညီလာခံဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ် (Process) တစ်ခုပေါ်ပေါက်လာသည်အထိ လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရန်။

(ဏ) နိုင်ငံရေးဆွေးနွေးမှု မူဘောင် (Political Framework) ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် UPDJC အစည်းအဝေးသို့ တင်ပြရန်။

၄။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် **"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့မှူး | ဥက္ကဋ္ဌ |
| (ခ) | ပဒိုစောကွယ်ထူးဝင်း<br>အထွေထွေအတွင်းရေးမှူး<br>ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်<br>အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး | အဖွဲ့ဝင် |
| (င) | ဦးနိုင်ငံလင်း<br>လူမှုရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးခွန်မောင်သောင်း<br>(ပင်လောင်းမဲဆန္ဒနယ်)<br>ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်း<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ရှီလာနန်တောင် (ခေါ်) ဒေါ်အမ်နန်တောင်<br>မဲဆန္ဒနယ်အမှတ် (၂) ကချင်ပြည်နယ်<br>ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |

(ဇ) ဦးမျိုးဝင်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

(ဈ) စောမြရာဇာလင်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

(ည) စောစိန်ဝင်း — အဖွဲ့ဝင်
စစ်ဦးစီးမှူးဒုတိယတန်း
ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

(ဋ) စောကျော်ညွန့် — အဖွဲ့ဝင်
တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)
ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား
လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)
(KNU/KNLA PC)

(ဌ) ခွန်မြင့်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး
အဖွဲ့ချုပ် (PNLO)

(ဍ) ဦးစိုင်းလ — အဖွဲ့ဝင်
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

(ဎ) ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း — အတွင်းရေးမှူး (၁)
အမိပတိကောင်စီဝင်၊ ချင်းအမျိုးသားတပ်ဦး (CNF)

(ဏ) ဒေါက်တာမင်းဇော်ဦး — အတွင်းရေးမှူး (၂)
အဖွဲ့ဝင်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ချမှတ်ထားသော မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ကော်မတီဥက္ကဋ္ဌထံသို့ ပုံမှန်အစီရင်ခံတင်ပြရန်။

(ဂ) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်။

(ဃ) နိုင်ငံရေးဆွေးနွေးမှု မူဘောင် (Political Framework) တွင်ပါရှိသော ဆွေးနွေးပွဲခေါင်းစဉ်များကို ကျစ်ကျစ်လျစ်လျစ်ရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းရန်၊ မူဘောင်ကို ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်ရန်။

(င) ညီလာခံအစည်းအဝေးရလဒ်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ကြိုတင်ညှိနှိုင်း၍ ကော်မတီသို့တင်ပြရန်။

(စ) ညီလာခံကျင်းပရေးပူးတွဲကော်မတီတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးညှိနှိုင်းရန်။

(ဆ) ဆပ်ကော်မတီ၏ အသုံးစရိတ်များအတွက် ကော်မတီသို့ တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ သုံးစွဲရန်။

၆။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခြင်းမပြုရသေးသောအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် **"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာတင်မျိုးဝင်း — ဥက္ကဋ္ဌ
စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ

(ခ) တပ်မတော်မှအရာရှိကြီး (၂) ဦး — အဖွဲ့ဝင်
သက်ဆိုင်ရာနယ်မြေဒေသရှိတိုင်းစစ်ဌာနချုပ်

(ဂ) ဦးဇော်ဌေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

(ဃ) ဦးစိုးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) — အဖွဲ့ဝင်

(စ) ဦးခက်ထိန်နန် — အဖွဲ့ဝင်

(ဆ) ဦးသိန်းဇော် — အဖွဲ့ဝင်

(ဇ) ဒေါ်ဒွဲဘူ — အဖွဲ့ဝင်

(ဈ) ဦးလှမောင်ရွှေ — အတွင်းရေးမှူး
အထူးအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး
ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

၇။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း အဖြေရှာရန်လိုအပ်သည့်နေရာများသို့ သွားရောက်တွေ့ဆုံရန်။

(ခ) ဆွေးနွေးညှိနှိုင်းမှုအပေါ် မူတည်၍ NCA စာချုပ်ကို လက်မှတ်ရေးထိုးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ပါဝင်နိုင်ရေးအဖြေရှာဆောင်ရွက်ရန်။

(ဂ) လိုအပ်ပါက NCA စာချုပ်တွင် လက်မှတ်မရေးထိုးနိုင်သေးသော အဖွဲ့အစည်းများ ညီလာခံတက်ရောက်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်။

(ဃ) ဆပ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို ကော်မတီအစည်းအဝေးများတွင် တင်ပြ၍ လုပ်ငန်းလမ်းညွှန်ချက်ရယူရန်။

(င) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ အဆိုပြုချက်များ၊ ဆွေးနွေးချက်များကို ကော်မတီမှတစ်ဆင့် တင်ပြ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ လုပ်ငန်းလမ်းညွှန်မှုအရ ဆက်လက်အကောင်အထည်ဖော်ရန်။

(စ) NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး၍ ပြင်ဆင်ပေးရန်။

(ဆ) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများတွင် တွေ့ဆုံဆွေးနွေးရန်လိုအပ်ပါက လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်။

(ဇ) ဆပ်ကော်မတီအသုံးစရိတ်များအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြို ပြင်ဆင်ရေးကော်မတီထံ တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ သုံးစွဲရန်။

(ဈ) လိုအပ်ချက်အပေါ်မူတည်၍ ဆပ်ကော်မတီအားကူညီရန် ကော်မတီရုံးအဖွဲ့ကို ဝန်ထမ်းအင်အား တောင်းခံ၍ လုပ်ငန်းများဆောင်ရွက်ရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC) ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတော်အတွင်း ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ နှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေရေးနှင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council NRSC)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်

(ဌ) ဝန်ကြီးချုပ်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး — အဖွဲ့ဝင်

(ဍ) မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဎ) မြို့တော်ဝန်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဏ) မြို့တော်ဝန်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(တ) အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ထ) ရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(ဒ) ဥက္ကဋ္ဌ
ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး
ဆိုင်ရာကော်မတီ (ပြည်သူ့လွှတ်တော်) — အဖွဲ့ဝင်

(ဓ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI) — အဖွဲ့ဝင်

(န) ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် — အဖွဲ့ဝင်

(ပ) ဥက္ကဋ္ဌ
မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု
ဇဟိုကော်မတီ — အဖွဲ့ဝင်

(ဖ) ညွှန်ကြားရေးမှူးချုပ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အတွင်းရေးမှူး

၂။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်းလမ်းပို့ဆောင်မှုအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်။

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) တွင် ပါရှိသည့် လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်းများ၏ တာဝန်ရှိမှုများကို ဖော်ထုတ်သတ်မှတ်ပေးရန်။

(ဂ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သော ငွေကြေးရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်သွားရန်။

(ဃ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများအား အစီရင်ခံတင်ပြရန်။

( င ) အများပြည်သူ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍအတွက်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကဏ္ဍအတွက်လည်းကောင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် အဟန့်အတား ဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးမှ သိရှိခံယူရေး၊ လေးစားလိုက်နာစေရေး ဆောင်ရွက်သွားရန်။

( စ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ စေတနာရှင် အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက် သွားရန်။

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရေးစီမံကိန်းများကို သတ်မှတ်ကာလ အတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်စစ်ဆေးရန် နှင့် စီမံကိန်းများအား ခေတ်ကာလနှင့် ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းများအပေါ် ကြီးကြပ်ကွပ်ကဲသွားရန်။

( ဇ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့များရရှိစေရေး ဆောင်ရွက်သွားရန်။

(ဈ) ယာဉ်ကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်သွားရန်။

(ည) ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးဆောင်ရွက်သွားရန်။

( ဋ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရန် သုတေသနပြုခြင်းနှင့် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားရန်။

၃။ ကောင်စီသည် လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် တိုးချဲ့တည်ဆောက်ရန်လိုအပ်သည့် တာဝါတိုင်များ၊ ဖိုက်ဘာကေဘယ်ဆက်ကြောင်းများ စသည့်အခြေခံ အဆောက်အဦများ တည်ဆောက်ခြင်းအတွက် မြေယာအသုံးပြုမှုဆိုင်ရာကိစ္စများအား စနစ်တကျစိစစ်၍

ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် **"ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | လမ်းပန်းဆက်သွယ်ရေးနှင့်သက်ဆိုင်သည့်ဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်(ဆက်သွယ်ရေး)<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီသည် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများဖြစ်သော စက်မှုဆိုင်ရာ အဆောက်အဦနှင့် အခြားဆက်စပ်အဆောက်အဦများ၊ ဖိုက်ဘာချခင်းခြင်းလုပ်ငန်းများ၊ တာဝါတိုင်များတည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြေနေရာအသုံးချမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းများကြန့်ကြာမှုမရှိစေရေး ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရန်။

(ခ) ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရာတွင် ကော်မတီအနေဖြင့် စည်းကမ်းဘောင်အတွင်းမှ ကြိုတင်ခွင့်ပြုချက်ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြပ်မတ်ကွပ်ကဲသွားရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ နှင့်အညီ အရေးယူရန်ကိစ္စများ ဆောင်ရွက်သွားရန်။

(ဂ) ကော်မတီအနေဖြင့် လိုအပ်ပါက စီးပွားရေးရာကော်မတီသို့ တင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်း ကွန်ပျူတာပညာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် **"မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခချုပ်<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ခေတ်နှင့်အညီ ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း။

(ခ) နိုင်ငံတော်အတွင်း ကွန်ပျူတာအသုံးချမှု စနစ်တကျ ပြန့်ပွားရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း။

(ဂ) ကွန်ပျူတာကွန်ရက်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း။

(ဃ) လူငယ်လူရွယ်များ အထူးသဖြင့် ကျောင်းသား/ကျောင်းသူများ အခြေခံကွန်ပျူတာပညာလေ့လာဆည်းပူးနိုင်ခွင့် ရရှိရေးအတွက် စီမံဆောင်ရွက်ခြင်း။

(င) သတင်းဆိုင်ရာနည်းပညာနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း။

(စ) ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေအရ ဖွဲ့စည်းသော အသင်းချုပ်နှင့် ကွန်ပျူတာဆိုင်ရာအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း။

(ဆ) ပြည်တွင်းသို့ တင်သွင်းခွင့်မပြုသော သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကွန်ပျူတာအပျော့ထည် အမျိုးအစားများနှင့် သတင်းအချက်အလက်များ သတ်မှတ်ခြင်း။

(ဇ) နိုင်ငံတော်အတွင်း လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအမံများချမှတ်ခြင်း။

(ဈ) လိုအပ်သည့် ကွန်ပျူတာပညာရပ်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(ည) ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် ရပ်တည်နေသော ကွန်ပျူတာဆိုင်ရာအသင်းတစ်ခုခုကိုဖြစ်စေ၊ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် သက်ဆိုင်ရာအသင်းဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုသော ကွန်ပျူတာဆိုင်ရာအသင်းတစ်ခုခုကိုဖြစ်စေ ဖျက်သိမ်းခြင်း။

(ဋ) ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေပါ ရည်ရွယ်ချက်များ အထမြောက်အောင်မြင်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ခြင်း။

၃။ "မူ" အရ ဆုံးဖြတ်နိုင်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန် ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးအား ယင်းအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )

**နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌတာဝန်ပေးအပ်သည့် ကောင်စီဝင် — ဥက္ကဋ္ဌ

(ခ) နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဂ) နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာနကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(င) နေပြည်တော်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(စ) နေပြည်တော်၊ သတ္တုတွင်းလုပ်ငန်း/ကျောက်မျက်ရတနာလုပ်ငန်း ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဆ) နေပြည်တော်၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဇ) နေပြည်တော်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဈ) နေပြည်တော်၊ ပညာရေးမှူးရုံးကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ည) နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဋ) နေပြည်တော်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဌ) နေပြည်တော်၊ စည်ပင်သာယာရေးကော်မတီကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဍ) နေပြည်တော်၊ အရန်မီးသတ်တပ်ဖွဲ့ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဎ) နေပြည်တော်၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဏ) နေပြည်တော်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး — အတွင်းရေးမှူး

၂။ ဥက္ကဋ္ဌသည် တွဲဖက်အတွင်းရေးမှူးခန့်အပ်ရန်လိုအပ်ပါက အဖွဲ့ဝင်များအနက် တစ်ဦးကို ရွေးချယ်ရန် တာဝန်ပေးအပ်နိုင်သည်။

၃။ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) အမျိုးသားအဆင့်ကော်မတီက ချမှတ်သည့်စနစ်နှင့်အညီ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် တွေ့ရှိချက်များကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြရန်လိုအပ်ပါက ပြန်လည်တင်ပြခြင်း။

(ခ) အမျိုးသားအဆင့်ကော်မတီ အတည်ပြုချက်ဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများက လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းခြင်း။

(ဂ) စွမ်းအင်ချွေတာရေးနှင့် ရေရှည်စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးအတွက် နည်းလမ်း (သို့မဟုတ်) အစီအမံများ ချမှတ်ခြင်း။

(ဃ) ပတ်ဝန်းကျင်မထိခိုက်စေရန် စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားစေရေး ပညာပေးကိစ္စရပ်များ ဆောင်ရွက်ခြင်း။

(စ) အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အောက်ဖော်ပြပါ နေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| **စဉ်** | **နေ့** | **ရက်** | **အရေအတွက်** |
|---|---|---|---|
| ၁။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၇ | ၁ ရက် |
| ၂။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၇ | ၁ ရက် |
| ၃။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၇ | ၁ ရက် |
| ၄။ | တပေါင်းလပြည့်နေ့ | ၁၂-၃-၂၀၁၇ | ၁ ရက် |
| ၅။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၇ | ၁ ရက် |
| ၆။ | နှစ်သစ်ကူးရုံးပိတ်ရက်များ (မဟာသင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိ) | ၁၂-၄-၂၀၁၇ မှ ၂၁-၄-၂၀၁၇ ထိ | ၁၀ ရက် |
| ၇။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၇ | ၁ ရက် |
| ၈။ | ကဆုန်လပြည့်နေ့ | ၁၀-၅-၂၀၁၇ | ၁ ရက် |
| ၉။ | ဝါဆိုလပြည့်နေ့ | ၈-၇-၂၀၁၇ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၇ | ၁ ရက် |

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁၁။ | သီတင်းကျွတ်လပြည့်နေ့ | ၅-၁၀-၂၀၁၇ | ၁ ရက် |
| ၁၂။ | တန်ဆောင်မုန်းလပြည့်နေ့ | ၃-၁၁-၂၀၁၇ | ၁ ရက် |
| ၁၃။ | အမျိုးသားအောင်ပွဲနေ့ | ၁၃-၁၁-၂၀၁၇ | ၁ ရက် |
| ၁၄။ | ကရင်နှစ်သစ်ကူးနေ့ | ၁၈-၁၂-၂၀၁၇ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၇ | ၁ ရက် |
| ၁၆။ | အီဒွလ်အဿွဟာပွဲနေ့ | X | ၁ ရက် |
| ၁၇။ | ဒီပါဝလီနေ့ | X | ၁ ရက် |

မှတ်ချက်။ (၁) အီဒွလ်အဿွဟာပွဲနေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။

(၂) ဘဏ်ပိတ်ရက်သုံးရက်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြေညာမည် ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက် )

### ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

### ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့"** တွင်

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး **အစား** ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

## နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် ဗဟိုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရန် လိုအပ်သူများအား စိစစ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်အဆင့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | လျှောက်ထားသူနှင့် သက်ဆိုင်သည့် ဒေသမှဌာနဆိုင်ရာ အများကြည်ညိုလေးစားခံရသူ (၂) ဦး | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) **မြို့နယ်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |

(၄) လျှောက်ထားသူနှင့်သက်ဆိုင်သည့် ဒေသမှဌာနဆိုင်ရာ အမျိုးကြည်ညိုလေးစားခံရသူ (၂) ဦး — အဖွဲ့ဝင်

(၅) မြို့နယ်ဦးစီးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ခံယူရန် အထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားသူများအား ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မများနှင့် အကျုံးဝင်ညီညွတ်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် စုံစမ်းစစ်ဆေးခြင်း။

(ခ) နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေနှင့်ညီညွတ်သူများအား ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးခြင်း။

(ဂ) လျှောက်လွှာ၌ဖော်ပြထားသော သားသမီးများအား မှန်ကန်မှု ရှိ မရှိ၊ နိုင်ငံသားပြုခွင့်လက်မှတ်တွင် သားသမီး၏အမည်ကို ထည့်သွင်းပေးသင့် မသင့် စုံစမ်းစစ်ဆေးခြင်း။

(ဃ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဗဟိုအဖွဲ့မှ လျှောက်ထားသူအား နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ချမှတ်နိုင်ရေးအတွက် သုံးသပ်ချက်၊ အကြံပြုချက်များအား ဗဟိုအဖွဲ့သို့ တိကျစွာတင်ပြခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

### နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်နေမှုအား ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာ

အရေးယူ တားဆီးရေးလုပ်ငန်းအဖွဲ့ (National Wildlife Enforcement Task Force) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးတစ်ဦး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ရဲမှူးကြီးတစ်ဦး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန<br>သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန<br>သစ်တောဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား တားဆီးနိုင်ရေးလုပ်ငန်း စီမံချက်များရေးဆွဲရန်၊

(ခ) ဌာနအလိုက်ဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို သက်ဆိုင်ရာဌာနများအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးအကြောင်းကြားရန်၊

(ဂ) ဌာနဆိုင်ရာအချင်းချင်း စဉ်ဆက်မပြတ် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ရန်၊

(ဃ) အဖွဲ့ဝင်များပါဝင်သည့် အစည်းအဝေးကို (၆)လတစ်ကြိမ် ကျင်းပရန်၊

(င) နိုင်ငံအတွင်း အကောင်အထည်ဖော်မှုလုပ်ငန်းအား ASEAN-WEN သို့ အသိပေး အကြောင်းကြားရန်၊

(စ) အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဖွဲ့စည်းထားသည့် Task Force များ၏ ဆောင်ရွက်နေမှုများ၊ ရလဒ်များနှင့်သင်ခန်းစာများကိုလေ့လာ၍ မိမိတို့၏လုပ်ဆောင်နေမှုများပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) National Wildlife Enforcement Task Force ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရလဒ်များကို ဖော်ပြသည့် တိုးတက်မှုအစီရင်ခံစာများကို ကာလအပိုင်းအခြားဖြင့် ထုတ်ပြန်အသိပေးရန်၊ ပြန်လည်သုံးသပ်ခြင်းနှင့် တိုးတက်ကောင်းမွန်စေရန်၊

(ဇ) Task Force ဆောင်ရွက်နေမှုများ၊ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ အခြားအာဆီယံ Task Force များ၏ ဆောင်ရွက်နေမှုများကို သတင်း၊ စာနယ်ဇင်းများနှင့် TV များမှတစ်ဆင့် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက် )

**ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ (စ၀) ၁/၂၀၁၆-၈၉ အရ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ် (ရန်ကုန်တိုင်းဒေသကြီး)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဦးဇော်ဝင်း၊ ထန်းတပင်မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။ )**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅၂/ ၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် )

**ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (မူကြမ်း)

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၈ ခုနှစ်၊ လဆန်း/လပြည့်ကျော် ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ရေနံနှင့် ရေနံထွက်ပစ္စည်းအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေနံထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေနံ**ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရည် သို့မဟုတ် ဟိုက်ဒြိုကာဗွန်အရောအနှောနှင့် ဟိုက်ဒြိုကာဗွန်အရည်ပါဝင်သော အရည်၊ အငွေ့၊ အခဲ၊ မီးလောင်လွယ်သည့်အရောအနှောနှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်အရာကို ဆိုသည်။ ယင်းစကားရပ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များဖြစ်သော ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate)၊ သဘာဝဓာတ်ငွေ့ (Natural Gas) တို့ ပါဝင်သည်။

(ဂ) **ရေနံထွက်ပစ္စည်း**ဆိုသည်မှာ ရေနံအား ပြုပြင်ချက်လုပ်ထားသည့် ဟိုက်ဒြိုကာဗွန်ပါဝင်သော ဒြပ်ပေါင်းများဖြစ်သော အရည်၊ အရည်ပျစ်၊ အစိုင်အခဲ၊ အငွေ့၊ အငွေ့ရည်နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံထွက်ပစ္စည်းအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဖိအားမြင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas- CNG)၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)၊ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)၊ ဓာတ်ဆီ၊ ဓာတ်ပျံဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ စက်ဆီ၊ ချောဆီ၊ ဇီဝလောင်စာဆီနှင့် ရေနံဓာတုဗေဒပစ္စည်းများ ပါဝင်သည်။

(ဃ) **ဘေးအန္တရာယ်ရှိသောရေနံ**ဆိုသည်မှာ မီးလောင်မှတ် ၇၆ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၂၄. ၄၄ ဒီဂရီစင်တီဂရိတ်အောက်နိမ့်သော ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ဆိုသည်။

(င) **ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး၏မီးလောင်မှတ်**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းမှ အငွေ့ဖြစ်ပေါ်ပြီး မီးကူးစက်သည့်အခါ ရုတ်တရက် မီးလောင်ကျွမ်းမှု ဖြစ်ပေါ်သော အပူချိန်နှင့် ဤဥပဒေအရ သတ်မှတ်ထားသော အခြေအနေတစ်ခုတွင်တည်ရှိသည့် အနိမ့်ဆုံးအပူချိန်ကို ဆိုသည်။

(စ) **ချက်လုပ်ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို နည်းစဉ်တစ်ရပ်ရပ်ဖြင့် ချက်လုပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။

(ဆ) **ပြည်တွင်းသို့တင်သွင်းခြင်း**ဆိုသည်မှာ သယ်ယူပို့ဆောင်နေစဉ် နိုင်ငံတော်နယ်နိမိတ်အတွင်း ဖြတ်သန်းသယ်ယူခြင်းမှတစ်ပါး ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို မြန်မာနိုင်ငံအတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်သွင်းခြင်းကို ဆိုသည်။

(ဇ) **ပြည်ပသို့တင်ပို့ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်ပို့ခြင်းကို ဆိုသည်။

(ဈ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် လဲလှယ်ခြင်းကို ဆိုသည်။

(ည) **လက်ဝယ်ထားခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိခြင်းကို ဆိုသည်။

(ဋ) **သယ်ယူပို့ဆောင်ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မြန်မာနိုင်ငံ အတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် မြန်မာနိုင်ငံ၏ ပိုင်နက် နယ်နိမိတ်ကိုဖြတ်၍ ရွှေ့ပြောင်းခြင်းလည်း ပါဝင်သည်။

(ဌ) **ဖြတ်သန်းသယ်ယူခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို မြန်မာနိုင်ငံ နယ်နိမိတ်ကိုဖြတ်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြတ်သန်းသယ်ယူခြင်းကို ဆိုသည်။

(ဍ) **သိုလှောင်ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ နေရာ တစ်ခုခုတွင် ထားသိုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သောလမ်းကြောင်းဖြင့် သယ်ယူ နေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။

(ဎ) **ရေနံထွက်ပစ္စည်းထုတ်လုပ်ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးအား နည်းစဉ်တစ်ရပ်ရပ်ဖြင့် ပြုပြင်ထုတ်လုပ်ခြင်း၊ ရောနှောထုတ်လုပ်ခြင်း သို့မဟုတ် ရောစပ်ပြုပြင် ခြင်းကို ဆိုသည်။

(ဏ) **စက်အားသုံးယာဉ်**ဆိုသည်မှာ လူကိုဖြစ်စေ၊ တိရစ္ဆာန်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းမှ သယ်ယူပို့ဆောင်ရာတွင် စက်အားရရှိရန် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုသည့် ယာဉ်၊ ရေယာဉ်၊ လေယာဉ် သို့မဟုတ် စက်ယန္တရားကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ထုတ်ကုန်ပစ္စည်းအဖြစ် ပြုပြင်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ လက်ဝယ်ထားခြင်း၊ စမ်းသပ်ခြင်း စသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနက ခွင့်ပြုမိန့်ထုတ်ပေးသည့် လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ထ) **ဂါလန်**ဆိုသည်မှာ ဗြိတိသျှဂါလန်ကို ဆိုသည်။

(ဒ) **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနကို ဆိုသည်။

(ဓ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ပြည်ထောင်စု အဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(န) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ပ) **ကော်မတီ**ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

## အခန်း (၂)

## ရေနံနှင့် ရေနံထွက်ပစ္စည်းကို ထိန်းသိမ်းကြီးကြပ်ခြင်း

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ -

(က) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းပြုရာတွင် မည်သည့်နေရာမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုရမည်ကိုသတ်မှတ်ပြီး ယင်းနေရာများမှတစ်ပါး အခြားနေရာများမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်နိုင်သည်။

(ခ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) ပြည်တွင်းသို့တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် လိုင်စင်များကို လျှောက်ထားရန် ကာလ သတ်မှတ်နိုင်သည်။

(ဃ) သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားခြင်းမရှိသော သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားနည်းဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ -

(က) သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်းတို့နှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ထုပ်ပိုးထည့်သွင်းသည့်ပစ္စည်းများနှင့် ပိုက်လိုင်းများအားလုံး၏ သဘာဝနှင့်စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) သိုလှောင်မည့်နေရာနှင့် သိုလှောင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ် နိုင်သည်။

(ဃ) ထုပ်ပိုးထည့်သွင်းနိုင်သည့် ပစ္စည်းများ၏ သဘာဝ၊ အခြေအနေနှင့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(င) လက်ဝယ်ထားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို သတ်မှတ် နိုင်သည်။

(စ) အရည်အသွေး၊ အခြင်အတွယ် မှန်ကန်မှုရှိစေရန်အတွက် စည်းကမ်းချက်များကို သတ်မှတ် နိုင်သည်။

၅။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် -

(က) ထုတ်လုပ်သည့် သို့မဟုတ် တင်သွင်းသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးတွင် တည်ဆဲဥပဒေ များအရ တားမြစ်ကန့်သတ်ချက်တွင် မပါဝင်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်း၏ ပါဝင်ရမည့် အမျိုးအစားနှင့်ပမာဏကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် အမျိုးအစား၊ ပမာဏထက်ကျော်လွန်သည့် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းကို တားမြစ်နိုင်သည်။

၆။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ လွှဲပြောင်းလက်ခံခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း

အပေါ် သင့်လျော်သော ထိန်းကွပ်ကြီးကြပ်မှုပြုလုပ်ရန် လိုအပ်သည်ဟုယူဆသည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် စည်းကမ်းချက်များ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(ခ) သတ်မှတ်အရည်အသွေးနှင့်မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အသုံးပြုခြင်း၊ ပြန်လည်ချက်လုပ်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဖျက်ဆီးခြင်းများအတွက် စည်းကမ်းချက်များ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၇။ (က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် -

(၁) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောနှော ပြုပြင်ခြင်းပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၂) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောနှော ပြုပြင်ခြင်းပြုသည့်နေရာများမှ ရွှေ့ပြောင်းသယ်ယူခြင်းစသည်တို့ကို ကြီးကြပ်ခြင်း၊ စမ်းသပ် စစ်ဆေးမှုများအရ သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ယင်းနေရာတွင် သိုလှောင်ခြင်းနှင့် ယင်းနေရာမှ ရွှေ့ပြောင်းခြင်းကို တားမြစ် နိုင်သည်။

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က) (၁) ပါ စည်းကမ်းချက်များနှင့် ပုဒ်မခွဲ (က) (၂) အရ ထုတ်ပြန်သော တားမြစ်ချက်များသည် ၁၉၁၈ ခုနှစ်၊ မြန်မာနိုင်ငံရေနံမြေများ အက်ဥပဒေအရ ဆောင်ရွက်သည့်ကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

၈။ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်းပစ္စည်း အားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့်ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြင့်ဖြစ်စေ၊ အခြား နည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန်မဖြစ်နိုင်ပါက ထုပ်ပိုး ထည့်သွင်းပစ္စည်းအနီး၌ "ဓာတ်ဆီ" သို့မဟုတ် "အရက်ပျံ" သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့် သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို ထင်သာမြင်သာရှိသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၉။ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်သည် အောက်ပါထုပ်ပိုးထည့်သွင်းပစ္စည်းတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) ရောင်းချရန်မဟုတ်သော နှစ်ဂါလန်ပမာဏအောက်လျော့နည်းသည့် ဘေးအန္တရာယ်ရှိသော ရေနံကို အဖုံးလုံခြုံစွာဖြင့် ထည့်သွင်းထားသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထည် တစ်ခုခု၊

(ခ) စက်၏ စက်အားကိုလည်ပတ်စေရန်သုံးသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါဝင်ပြီး စက်အားသုံးယာဉ်တွင် တွဲလျက်ပါဝင်သော သို့မဟုတ် အတွင်းပေါက်ကွဲအင်ဂျင်စက်နှင့် တွဲထားသော တိုင်ကီ၊

(ဂ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်သည့် ပိုက်လိုင်း၊

(ဃ) မြေအောက်တွင် လုံးဝမြှုပ်ထားသော တိုင်ကီ၊

(င) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤပုဒ်မနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ထုပ်ပိုးထည့်သွင်းပစ္စည်းအတန်းအစားတစ်ခုခု။

၁၀။ ဤအခန်းပါ ဖော်ပြချက်များသည် ဘေးအန္တရာယ်မရှိသော ရေနံများအနက်မှ မီးလောင်မှတ် ၂၀၀ ဒီဂရီဖာရင်ဟိုက်နှင့် အထက်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်ခုခုနှင့် မသက်ဆိုင်စေရ။

၁၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ခြွင်းချက်ပေးနိုင်သည်။

၁၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ သိရှိနိုင်ရေးအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောစပ်ခြင်းပြုသည့် နေရာတစ်ခုခုကိုဖြစ်စေ၊ သယ်ယူပို့ဆောင်နေဆဲ အချိန်တွင်ဖြစ်စေ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍အသုံးပြုသော ထုပ်ပိုးထည့်သွင်းပစ္စည်း၊ စက်ရုံ၊ အလုပ်ရုံနှင့် ကိရိယာများအားလုံးကိုဖြစ်စေ၊ ဝင်ရောက်စစ်ဆေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

၁၃။ (က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ရန်၊ ချက်လုပ်ရန်၊ ရောနှောပြုပြင်ရန်၊ စမ်းသပ်စစ်ဆေးရန်၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရန် သို့မဟုတ် ဖြန့်ဖြူးရောင်းချရန် လိုင်စင်များကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ဆီသယ်ယာဉ်ရှိ သိုလှောင်ကန်လိုင်စင်နှင့် သိုလှောင်ရန်လိုင်စင်များကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းရန်၊ ပြည်ပသို့ တင်ပို့ရန်လိုင်စင်များကိုလည်းကောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ဆီသယ်ယာဉ်လိုင်စင်ကိုလည်းကောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ရေယာဉ်နှင့် ဆီတွဲလိုင်စင်ကိုလည်းကောင်း ထုတ်ပေးနိုင်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်၏ ပုံစံနှင့်စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ယင်းလိုင်စင်များ လျှောက်ထားပုံနည်းလမ်းများ၊ ယင်းလိုင်စင်များကို မည်သည့်အာဏာပိုင်များက ခွင့်ပြုထုတ်ပေးနိုင်ကြောင်းနှင့် ယင်းလိုင်စင်များအတွက် စည်းကြပ်ရမည့်အခများကို သတ်မှတ်နိုင်သည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(၁) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်ရာတွင် လိုင်စင်ကို တင်ပို့သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် သယ်ယူပို့ဆောင်သူများအနက် မည်သူက ရယူရမည်ကို သတ်မှတ်နိုင်သည်။

(၂) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းအတွက် ဖြစ်စေ၊ ယင်းကိစ္စများအနက် နှစ်မျိုးတွဲဆောင်ရွက်ရန်ဖြစ်စေ ပေါင်းစပ်လိုင်စင်များ ထုတ်ပေးရန် သတ်မှတ်နိုင်သည်။

၁၄။ ဤအခန်းတွင် မည်သို့ပင်ပါရှိစေကာမူ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုလုပ်လိုသူသည် စုစုပေါင်းဂါလန် ၅၀၀ ထက် ပိုမိုလျှင် လိုင်စင်ရယူရမည်။ ဂါလန် ၅၀၀ နှင့်အောက်ရှိသောပမာဏကို ဂါလန် ၂၀၀ ထက်မကျော်လွန်သည့် ထုပ်ပိုးထည့်သွင်းပစ္စည်းများတွင် ထည့်သွင်းထားရမည်။

၁၅။ (က) ဤအခန်းတွင် မည်သို့ပင်ပါရှိစေကာမူ ရောင်းချခြင်းမပြုဘဲ မိမိ၏လက်ဝယ်တွင် ထားရှိလိုသူသည် စုစုပေါင်း ခြောက်ဂါလန်ထက်မပိုသော ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်း

တစ်မျိုးမျိုးကို လိုင်စင်ရယူခြင်းမပြုဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုနိုင်သည်။

(ခ) ဤပုဒ်မအရ လိုင်စင်ရယူခြင်းမရှိဘဲ လက်ဝယ်ထားရှိသည့် ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အဖုံးလုံခြုံသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထည့်သွင်းထားသိုရမည်။ ဖန်ထည် သို့မဟုတ် ကျောက်ထည် ထုပ်ပိုးထည့်သွင်းပစ္စည်းတွင် သုည ဒသမ နှစ်ငါး ဂါလန်ပမာဏထက်မပိုစေရ။ သတ္တုထုပ်ပိုး ထည့်သွင်းပစ္စည်းဖြစ်လျှင် ငါးဂါလန်ပမာဏထက် မပိုစေရ။

၁၆။ (က) စက်အားသုံးယာဉ်မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ယူခြင်းဆိုင်ရာ တည်ဆဲဥပဒေအရ စက်အားသုံး ယာဉ်ပိုင်ရှင် သို့မဟုတ် ယင်း၏ယာဉ်မောင်း၊ ရေယာဉ်မှူးနှင့် စက်ပိုင်ရှင်တို့သည် အောက်ပါ ဆောင်ရွက်မှုတစ်ခုခုအတွက် လိုင်စင်ရယူခြင်းမပြုဘဲ ဆောင်ရွက်ခွင့်ရှိသည် -

(၁) ယာဉ် သို့မဟုတ် အင်ဂျင်နှင့်တွဲလျက်ရှိသော မူလလောင်စာဆီတိုင်ကီတစ်ခုခုတွင် ပါရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်း၊

(၂) ပုဒ်မခွဲငယ် (၁) အရ လက်ဝယ်ထားရှိသော အရေအတွက်အပြင် ဂါလန် ၂၀ ပမာဏထက် မပိုသည့် ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ လိုင်စင်မပါဘဲ သယ်ယူပို့ဆောင်သော သို့မဟုတ် သိုလှောင်သော ဘေးအန္တရာယ်ရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပုဒ်မ ၄ အရ သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ထားသိုရမည်။

## အခန်း (၃)

## ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁၇။ (က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးလာသည့် ပုဂ္ဂလိကကဏ္ဍမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ကော်မတီကို မိမိဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုနိုင်သည်။

၁၈။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းတွင် သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို တရားဝင် လိုင်စင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်စေရေးတို့အတွက် ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်စေရေး စိစစ်ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများ ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်အတွက် လိုအပ်သည့် အချက်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဆပ်ကော်မတီများသို့ ထပ်ဆင့်ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်း၊ ယင်းဆပ်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို လိုအပ်သလိုပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(င) အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်း၊

(စ) ကော်မတီကထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

## အခန်း (၄)
## ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်ခြင်း

၁၉။ (က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နမူနာရယူပြီး စမ်းသပ်စစ်ဆေးစေရမည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့် ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင်တွေ့ရှိသည့် ရေနံနှင့် ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်စစ်ဆေးစေရန် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) စမ်းသပ်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်း နမူနာယူခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(၂) ရယူသည့်နမူနာ၏ တန်ဖိုးအတွက် ငွေပေးချေမည့်ကိစ္စများနှင့် ငွေပေးချေမည့်နည်းလမ်းကို သတ်မှတ်ခြင်း၊

(၃) ဤပုဒ်မအရ လုပ်ပိုင်ခွင့်များကိုကျင့်သုံးသည့် အရာရှိများ၏ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း၊

(၄) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းအတွက် ခွင့်ပြုမိန့်လိုင်စင် ထုတ်ပေးခြင်းနှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၂၀။ (က) ရေနံမီးလောင်မှတ်ကို သတ်မှတ်သည့်စံကိရိယာဖြင့် စမ်းသပ်အတည်ပြုရမည်။ ယင်းကိရိယာကို ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် အရာရှိထံတွင် အပ်နှံထားရမည်။

(ခ) ထိုကိရိယာအပေါ်တွင် “စမ်းသပ်မှုစံကိရိယာ” ဟု စာလုံးရေးထိုးထားရမည်ဖြစ်ပြီး၊ ဤဥပဒေနှင့်အညီ အခါအားလျော်စွာ စစ်ဆေးအတည်ပြုခြင်း၊ မှန်ကန်အောင်ပြုလုပ်ခြင်းနှင့် လိုအပ်သည့်အခါ အစားထိုးလဲလှယ်ခြင်းပြုရမည်။

(ဂ) မည်သူမဆို သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းသည့်အခါ စမ်းသပ်မှုစံကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးရမည်။

၂၁။ (က) အခြားကိရိယာတစ်ခုခုဖြင့် တိုင်းတာရရှိထားသော အချက်အလက်များကို ထပ်မံစမ်းသပ် စစ်ဆေးပေးရန်အတွက် ပုဒ်မ ၂၀ အရ တာဝန်ပေးအပ်ထားသောအရာရှိထံသို့ တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခပေးသွင်းစေပြီး စမ်းသပ်မှုစံကိရိယာများနှင့် တိုင်းတာ၍ ရရှိလာသည့်အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

(ခ) အကယ်၍ ကိရိယာတစ်ခုခုသည် သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်း စမ်းသပ်မှု စံကိရိယာနှင့် ကိုက်ညီကြောင်းတွေ့ရှိလျှင် ယင်းအရာရှိသည် ယင်းကိရိယာပေါ်တွင် အထူး နံပါတ်နှင့် တိုက်ဆိုင်စစ်ဆေးသည့်နေ့ရက်ကို ဖိနှိပ်ဖော်ပြပေးရမည်။ ထို့ပြင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောပုံစံဖြင့် အဆိုပါနေ့ရက်တွင် ကိရိယာကိုစမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးခဲ့ရာ သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်း တူညီသည်ကိုတွေ့ရှိ ရကြောင်း သို့မဟုတ် ကိရိယာနှင့် စမ်းသပ်စစ်ဆေးမှု ရလဒ်များအရ မည်သည့်ပြုပြင်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်းများကိုဖော်ပြပြီး သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဂ) ဤပုဒ်မအရ ထုတ်ပေးသော သက်သေခံလက်မှတ်သည် သတ်မှတ်သည့်ကာလအတွက်သာ တရားဝင်စေရမည်။

(ဃ) ဤပုဒ်မအရ ထုတ်ပေးသောသက်သေခံလက်မှတ်သည် သတ်မှတ်သက်တမ်းကာလအတွင်း ယင်းတွင်ဖော်ပြထားသော ကိစ္စတစ်ခုခုအတွက် အခြားနည်းသက်သေမတင်ပြနိုင်လျှင် မှန်ကန်သည်ဟု မှတ်ယူရမည်။

(င) ယင်းအရာရှိသည် ဤပုဒ်မအရ ယင်းကထုတ်ပေးသော သက်သေခံလက်မှတ်အားလုံးကို သတ်မှတ်သည့်ပုံစံဖြင့် မှတ်ပုံတင်ရေးသွင်းရမည်။

၂၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်ရန်နှင့် ယင်းစမ်းသပ်မှုများ၏ရလဒ်ကို သက်သေခံလက်မှတ်ထုတ်ပေးရန် စမ်းသပ်ရေးအရာရှိအဖြစ် လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

၂၃။ ဤဥပဒေအရ ရေနံစမ်းသပ်မှုအားလုံးကို ပုဒ်မ ၂၁ အရ တရားဝင်သက်သေခံလက်မှတ်ရှိသည့် စမ်းသပ်မှုကိရိယာဖြင့် ပြုလုပ်ရမည်။ ထို့ပြင် ထိုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသော ပြုပြင်ရန်အချက်တစ်ခုခုကို လိုက်နာဆောင်ရွက်ရမည့်အပြင် ပုဒ်မ ၂၆ အရ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ (က) စမ်းသပ်သည့်အရာရှိသည် ရေနံနှင့် ရေနံထွက်ပစ္စည်း နမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့်ပုံစံတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ မရှိ ဖော်ပြသည့် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ခ) စမ်းသပ်သည့်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ်ကတောင်းဆိုပါက သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းလျှင် သက်သေခံလက်မှတ်၏ မိတ္တူမှန်ထုတ်ပေးရမည်။ ယင်းမိတ္တူမှန်ကို တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

(ဂ) ဤဥပဒေအရ အရေးယူသောအမှုအခင်းတစ်ခုခုတွင် ဤပုဒ်မအရထုတ်ပေးသော သက်သေခံလက်မှတ်ကို သက်သေခံအဖြစ်လက်ခံရမည်။ ထို့ပြင် ယင်းသက်သေခံလက်မှတ်တွင် ဖော်ပြချက်အပေါ် ဆန့်ကျင်ဘက်သက်သေခံချက် မတင်ပြနိုင်ပါက ယင်းသက်သေခံလက်မှတ်အား အပြီးသတ်အထောက်အထားအဖြစ် မှတ်ယူရမည်။

၂၅။ (က) စမ်းသပ်မှုရလဒ်ကို ကျေနပ်မှုမရှိသောပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း နမူနာအသစ်ထပ်မံယူ၍ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ လုပ်ပိုင်ခွင့်အပ်နှင်းခံရသည့်အရာရှိ သို့မဟုတ် အဖွဲ့အစည်းထံသို့ ပြန်လည်စမ်းသပ်စစ်ဆေးပေးပါရန် လျှောက်ထားနိုင်သည်။

(ခ) ထိုသို့လျှောက်ထားပြီး သတ်မှတ်ထားသောအဖိုးအခကို ပေးသွင်းပြီးသည့်အခါ ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ် ရှေ့မှောက်တွင် နမူနာအသစ်များကို ရယူစစ်ဆေးရမည်။

(ဂ) အကယ်၍ ထိုသို့ပြန်လည်စစ်ဆေးချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင် စစ်ဆေးသည့်အရာရှိသည် ပုဒ်မ ၂၄ အရ ထုတ်ပေးထားသော မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ သက်သေခံလက်မှတ်အသစ်ပြုလုပ်ရမည်။ ထို့ပြင် ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်ကို သက်သေခံလက်မှတ်၏ မိတ္တူမှန်ကို အခမဲ့ထုတ်ပေးရမည်။

၂၆။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ဤဥပဒေအရဆောင်ရွက်သော ရေနံနှင့် ရေနံထွက်ပစ္စည်း စမ်းသပ်မှုအားလုံးတွင် အောက်ပါတို့ အပါအဝင် လိုက်နာရန် လိုအပ်သည့်စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) စမ်းသပ်မှုစံကိရိယာ သတ်မှတ်ခြင်း၊ စမ်းသပ်အတည်ပြုခြင်း၊ ပြုပြင်ခြင်းနှင့် အစားထိုးခြင်း၊

(ခ) စမ်းသပ်မှုစံကိရိယာဖြင့် စမ်းသပ်စစ်ဆေးမှုအတွက် အဖိုးအခများ သတ်မှတ်ခြင်း၊

(ဂ) စမ်းသပ်သည့်ကိရိယာတစ်ခုကို စမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးသည့် လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း၊

(ဃ) ထိုသို့ နှိုင်းယှဉ်စမ်းသပ်သည့်ကိရိယာအတွက် ထုတ်ပေးမည့် သက်သေခံလက်မှတ်ပုံစံနှင့် တရားဝင်ကာလကို သတ်မှတ်ခြင်း၊

(င) ယင်းသက်သေခံလက်မှတ်များ၏ မှတ်ပုံတင်ပုံစံကို သတ်မှတ်ခြင်း၊

(စ) စမ်းသပ်သည့်ကိရိယာတစ်ခုအား စမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးခြင်းအတွက် အဖိုးအခများ သတ်မှတ်ခြင်း၊

(ဆ) စမ်းသပ်သည့်အရာရှိများက ရေနံနှင့် ရေနံထွက်ပစ္စည်းစမ်းသပ်မှုပြုလုပ်ခြင်း၊ နမူနာများကို စမ်းသပ်စစ်ဆေးသည့်အခါ ရလဒ်များကို ပျမ်းမျှအဖြေထုတ်ခြင်းနှင့် စံအပူချိန်များမှ ပြောင်းလဲနိုင်သော အပူချိန်များကို ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း၊

(ဇ) ရေနံနှင့် ရေနံထွက်ပစ္စည်းစမ်းသပ်မှုသက်သေခံလက်မှတ်ပုံစံနှင့် ယင်းအတွက် စည်းကြပ်မည့် အဖိုးအခများကို သတ်မှတ်ခြင်း၊

(ဈ) အုပ်စုတစ်ခုခုမှ ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်သည့် အရည်အသွေးတူညီမှုရလဒ်အပေါ် သံသယဝင်လျှင် အုပ်စုခွဲများခွဲပြီး အုပ်စုခွဲအလိုက် နမူနာရွေးချယ်ရယူ စမ်းသပ်ပြခြင်းနှင့် ယင်းနမူနာစမ်းသပ်မှုများမှ ရရှိသည့် ရလဒ်များအလိုက် ပျမ်းမျှရလဒ်ရှာခြင်းကို သတ်မှတ်ခြင်း၊

(ည) ပြန်လည်စမ်းသပ်ခြင်းအတွက် အဖိုးအခများသတ်မှတ်ခြင်းနှင့် မူလစမ်းသပ်မှုသည် မှားယွင်းပါက ယင်းအဖိုးအခများကို ပြန်လည်ထုတ်ပေးရန်သတ်မှတ်ခြင်း၊

(ဌ) စမ်းသပ်ခြင်းနှင့်ဆက်နွယ်သည့် တာဝန်များကို ဆောင်ရွက်သည့်အရာရှိ သို့မဟုတ် အဖွဲ့အစည်း အားလုံး လိုက်နာရမည့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ခြင်းနှင့် ယင်းစမ်းသပ်မှုနှင့် သက်ဆိုင်သည့် ကိစ္စများကို သတ်မှတ်ခြင်း။

၂၇။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း အခြားပုံစံတစ်မျိုးမျိုးကို စမ်းသပ်စစ်ဆေးရန် စမ်းသပ်မှုစံကိရိယာနှင့် စမ်းသပ်သည့် နည်းစနစ်များကို နည်းဥပဒေထုတ်ပြန်သတ်မှတ်နိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၂၈။ (က) မည်သူမဆို ဤဥပဒေအရ လိုင်စင်တစ်ခုခုရယူရန် လိုအပ်သည့်လုပ်ငန်း၊ ဆောင်ရွက်မှု တစ်ခုခုကို သက်ဆိုင်ရာ လိုင်စင်မရရှိဘဲ ဆောင်ရွက်ခြင်းမရှိစေရ။

(ခ) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သည်မှအပ ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်းမပြုရ။

## အခန်း (၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ လိုင်စင်ရရှိသူက ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်တစ်ခုခုအရဖြစ်စေ၊ သက်ဆိုင်ရာ လိုင်စင်ပါ စည်းကမ်းချက်အရဖြစ်စေ သတ်မှတ်ထားသော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လည်းကောင်း၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သော်လည်းကောင်း သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနသည် လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း။

၃၀။ ပုဒ်မ ၂၉ ပါ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။ ယင်းဝန်ကြီးဌာနက သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထို့ပြင် မူလက သတ်မှတ်ထားသော လိုင်စင် စည်းကမ်းချက်များကိုလည်း ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း ပြုလျှင်၊ ပထမအကြိမ် ကျူးလွန်သောပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက အနည်းဆုံး ဒဏ်ငွေကျပ်ငါးသိန်းမှ အများဆုံးဒဏ်ငွေကျပ်သိန်း ၅၀ အထိ စီရင်ခြင်းခံရမည် -

(၁) အခန်း ၂ ပါ ပြဋ္ဌာန်းချက်တစ်ခုခု သို့မဟုတ် ယင်းအရထုတ်ပြန်သော စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျက် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်း၊

(၂) ပုဒ်မ ၁၃ အရ ထုတ်ပေးထားပြီး၊ ယင်းရရှိထားသည့် လိုင်စင်တစ်ခုခု၏ စည်းကမ်းချက်ကို ချိုးဖောက်ခြင်း၊

(၃) ရေနံနှင့် ရေနံထွက်ပစ္စည်း ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကို ကြီးကြပ် သို့မဟုတ် အုပ်ချုပ်ထားသည့်အခါတွင်ဖြစ်စေ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းကို သယ်ယူပို့ဆောင်ဆဲအချိန်တွင်ဖြစ်စေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား ရေနံနှင့် ရေနံထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ အသုံးပြုသည့် ထုပ်ပိုးထည့်သွင်းပစ္စည်း၊ စက်ရုံ၊ အလုပ်ရုံ၊ ကိရိယာတစ်ခုခုကို ပြသရန်ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း သို့မဟုတ် စစ်ဆေးနေစဉ်အတွင်း ထိုအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား သင့်လျော်သော အကူအညီမပေးခြင်း၊

(၄) ရေနံနှင့် ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကို ကြီးကြပ် သို့မဟုတ် အုပ်ချုပ်ထားသည်တွင် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား ထိုနေရာရှိ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကိုပြသရန် သို့မဟုတ် ထိုရေနံနှင့် ရေနံထွက်ပစ္စည်းကို စစ်ဆေးရန်အတွက် လိုအပ်သော အကူအညီပေးရန် ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် ရေနံနှင့် ရေနံထွက်ပစ္စည်း နမူနာရယူရေးအတွက် ခွင့်ပြုရန် ငြင်းဆန်ခြင်း၊

(၅) ပုဒ်မ ၃၃ အရ မတော်တဆဖြစ်ရပ်တစ်ခုခု၏ သတင်းအချက်အလက်ကိုပေးရန် တောင်းဆိုသည့်အခါ ထိုပုဒ်မအရ လိုအပ်သည့် သတင်းအချက်အလက်ကိုပေးရန် ပျက်ကွက်ခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရပြီးနောက်၊ ထိုပုဒ်မခွဲအရ ပြစ်ဒဏ်စီရင်ခံရနိုင်သော ပြစ်မှုတစ်ခုခုဖြင့် ထပ်မံပြစ်ဒဏ်စီရင်ခံရလျှင် ဆက်လက်ကျူးလွန်သောပြစ်မှုတိုင်းအတွက် အနည်းဆုံးဒဏ်ငွေ ကျပ်တစ်ဆယ်သိန်းမှ အများဆုံးဒဏ်ငွေ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)
## အထွေထွေ

၃၃။ လူ့အသက်ဆုံးရှုံးမှု သို့မဟုတ် လူ့ခန္ဓာကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ အပြင်းအထန် ထိခိုက်နစ်နာမှု ဖြစ်စေသော ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုတစ်ခုခုသည် ရေနံနှင့် ရေနံထွက်ပစ္စည်းမီးလောင်မှုကြောင့် ဖြစ်ပွားလျှင် သို့မဟုတ် ရေနံနှင့် ရေနံထွက်ပစ္စည်းထားရှိရာ နေရာတွင်ဖြစ်စေ၊ ယင်းအနီးအနားတွင်ဖြစ်စေ ဖြစ်ပွားပြီး၊ အခြေအနေများအရ မီးလောင်မှုကြောင့် ဖြစ်ပွားတန်ရာရှိလျှင် ယင်းအချိန်က ရေနံနှင့် ရေနံထွက် ပစ္စည်းကို ကြီးကြပ်အုပ်ချုပ်ရသူသည် အနီးဆုံးသက်ဆိုင်ရာအာဏာပိုင်ထံ ချက်ချင်းသတင်းပို့ရမည်။

၃၄။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်းပြုသည့်နေရာမှ သတ်မှတ်သည့် နယ်နိမိတ်အတွင်း နေအိမ်၊ အဆောက်အဦတည်ဆောက်ခြင်း၊ နေထိုင်ခြင်း မပြုရဟု လည်းကောင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၃၅။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများသည် ဤဥပဒေနှင့် ဤဥပဒေအရ ဆက်လက်ထုတ်ပြန်မည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြရမည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ယင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုရေးအတွက် စိစစ်သုံးသပ်ရမည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အချိန်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၃၆။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် မိမိဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပိုသော လုပ်ငန်းများကိုဖြစ်စေ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်း အဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်နိုင်သည်။

၃၇။ ဤဥပဒေပုဒ်မ ၃၂ အရ အရေးယူသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူရမည်။

၃၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ရေနံအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ရေနံအက်ဥပဒေအရ ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်များကို ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်များအဖြစ် မှတ်ယူ၍ ယင်းတို့တွင် ပါရှိသော သက်တမ်းနှင့်စည်းကမ်းချက်များအတိုင်း ဆက်လက်တည်ရှိစေရမည်။

၄၀။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ကိုမထိခိုက်စေရန် တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက် ရမည်။

၄၁။ ဤဥပဒေအရ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လိုင်စင်တစ်မျိုးမျိုးရယူရန် လိုအပ်သော လုပ်ငန်း တစ်ခုခုကို လုပ်ကိုင်သူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဖြစ်စေ၊ အခြားသက်ဆိုင်ရာအစိုးရဌာန

အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထုတ်ပေးသည့် လုပ်ငန်းဆိုင်ရာခွင့်ပြုချက်ရရှိပြီးသော်လည်း ဤဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည့် လိုင်စင်လျှောက်ထားရယူခြင်းများပြုရမည်။

၄၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်ခုခု၏ အမျိုးအစားနှင့် အရည်အသွေးသတ်မှတ်ချက်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၃။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတွင် ဘေးအန္တရာယ်လုံခြုံမှုရှိစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းများမှ တာဝန်ရှိသူများအတွက် လိုအပ်သော သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်သည်။

၄၄။ ဤဥပဒေဆိုင်ရာ အခွန်အခများအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့အကြား မည်သို့ခွဲဝေကောက်ခံသုံးစွဲရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ ရေနံအက်ဥပဒေ (The Petroleum Act, Act No. XXX, 1934) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )

## ပြည်သူ့လွှတ်တော်၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖျက်သိမ်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းခဲ့သော လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**ပညာရေးမြှင့်တင်မှုကော်မတီတွင် လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ တာဝန်ပေးအပ်ခြင်း**

၁။　အမျိုးသားလွှတ်တော်သည် ပညာရေးမြှင့်တင်မှုကော်မတီကို အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။　ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဦးဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) သည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၁၆) ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရပါသဖြင့် ယင်းကော်မတီ၏ အဖွဲ့ဝင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်နော်မြစေးအား ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများ**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၃၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤနည်းဥပဒေများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။　ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေတွင် ပါရှိသောစကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က)　**ဥပဒေ**ဆိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ဆိုသည်။

(ခ)　**တင်သွင်းသူ**ဆိုသည်မှာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်ရယူရန် တင်သွင်းသည့် ဥပဒေ ပုဒ်မ ၁၃ သို့မဟုတ် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **တင်သွင်းလွှာ**ဆိုသည်မှာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက် ရယူရန် ကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေအရ သတ်မှတ်ထားသည့်ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့က ခုံရုံးသို့ တင်သွင်းသည့် တင်သွင်းလွှာကို ဆိုသည်။

(ဃ) **အဓိပ္ပာယ်ဖွင့်ဆိုခြင်း**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အလို့ငှာ အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆိုသည်။

(င) **သဘောထား**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အလို့ငှာ စိစစ်ပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏စိစစ်ပြန်ကြားသော သဘောထားကို ဆိုသည်။

(စ) **ဆုံးဖြတ်ခြင်း**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အလို့ငှာ ဆုံးဖြတ်ပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏ ဆုံးဖြတ်ချက်ကို ဆိုသည်။

(ဆ) **ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်း**ဆိုသည်မှာ တင်သွင်းလွှာပါ သက်ဆိုင်ရာကိစ္စရပ်အပေါ် ပြန်လည်ရှင်းလင်းရန် တာဝန်ရှိသူ၊ ဌာန သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဇ) **တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်း**ဆိုသည်မှာ တင်သွင်းလွှာပါ သက်ဆိုင်သမျှ အကြောင်းအရာများအပေါ် သဘောထားတင်ပြရန် တာဝန်ရှိသူ၊ ဌာန သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **စိစစ်ရေးအဖွဲ့**ဆိုသည်မှာ ဥပဒေ ပုဒ်မ ၁၈ အရ ဥက္ကဋ္ဌက ဖွဲ့စည်းပေးသည့် တင်သွင်းလွှာစိစစ်ရေး အဖွဲ့ကို ဆိုသည်။

(ည) **ရှင်းလင်းလွှာ**ဆိုသည်မှာ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းက တင်သွင်းလွှာပါ အချက်တစ်ချက်ချင်းစီကို ပြန်လည်ရှင်းလင်းရေးသားသည့် ရှင်းလင်းချက်အပြင် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းက တင်သွင်းလွှာပါ ကိစ္စအပေါ် သဘောထား ပြန်ကြားချက်ကိုလည်း ဆိုသည်။

(ဋ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများပါ သတ်မှတ်ထားသော ပုံစံကို ဆိုသည်။

(ဌ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ခုံရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)

## ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်ရယူရန်တင်သွင်းခြင်း

၃။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား သို့မဟုတ် ဆုံးဖြတ်ချက်ရယူရန်ကိစ္စများပေါ်ပေါက်ပါက တင်သွင်းလွှာကို -

(က) ဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြပါရှိသော ပုဂ္ဂိုလ်များသည် ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။

(ခ) ဥပဒေ ပုဒ်မ ၁၄ တွင် ဖော်ပြပါရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဥပဒေပုဒ်မ ၁၅ ပါ နည်းလမ်းများနှင့်အညီ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်။

(ဂ) တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ခုံရုံးသို့ ကိုယ်တိုင်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ် ဖြင့်ဖြစ်စေ လာရောက်တင်သွင်းရမည်။

၄။ တင်သွင်းလွှာတင်သွင်းရာတွင် -

(က) တင်သွင်းလွှာ၌ အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေရမည် -

(၁) တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမည်၊ ရာထူး၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ ဖက်စ်၊

(၂) တင်သွင်းသည့် ကိစ္စရပ်အပေါ် ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုး သက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းရှိလျှင် ယင်းတို့၏အမည်၊ ရာထူးနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊

(၃) တင်သွင်းသည့်အကြောင်းခြင်းရာ အပြည့်အစုံနှင့် ကိုးကားသည့်ဥပဒေအချက်အလက်များ၊

(၄) ခုံရုံး၏ စီရင်ပိုင်ခွင့်ရှိကြောင်း ပေါ်လွင်စေသည့် အချက်များ၊

(၅) အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အမိန့်ပြဋ္ဌာန်းချက် သို့မဟုတ် သဘောထားပြန်ကြားချက် သို့မဟုတ် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြချက်၊

(၆) တင်သွင်းလွှာပါအချက်များ မှန်ကန်ကြောင်း ဝန်ခံချက်၊

(၇) တင်သွင်းသူ၏ လက်မှတ်၊ အမည်နှင့် တင်သွင်းသည့်ရက်စွဲ။

( ခ ) အောက်ဖော်ပြပါတို့ ပူးတွဲပါရှိစေရမည် -

(၁) စပ်ဆိုင်သည့်အထောက်အထားများ၊ စာရွက်စာတမ်းများနှင့်အဆိုပါစာရွက်စာတမ်းများစာရင်း၊

(၂) ရှေ့နေဖြင့်ဆောင်ရွက်ခြင်းဖြစ်လျှင် တရားလွှတ်တော်ရှေ့နေ၏ အမည်၊ လိုင်စင်အမှတ်၊ လက်မှတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ရှေ့နေကိုယ်စားလှယ်လွှဲစာ၊

